ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မိုးကောင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ရွှေအင်းကျေးရွာ၊ ရွှေအင်းအုပ်စု


၂၀၁၇ ခုနှစ်

မိုးကောင်းမြို့နယ်


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၁ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၃-၄ |
| ၅ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၅ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၆-၈ |
| | (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၉ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၀ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၁-၁၃ |
| | (င) ရာသီစွင်ပြပြက္ခဒိန် | ၁၄-၁၅ |
| | (စ) ဗင်းပုံစံ | ၁၆ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၇-၁၈ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၈ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၉ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၀-၂၁ |
| ၈ | ကော်မတီဝင်များစာရင်း | ၂၂ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၃-၂၅ |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၆-၂၇ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၈-၂၉ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | ၃၀-၃၁ |
| ၁၃ | အစည်းအဝေးမှတ်တမ်းများ | ၃၂-၃၅ |
| ၁၄ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ | ၃၆-၃၇ |

# မိုးကောင်းမြို့နယ်အတွင်းရှိ လမ်းများ
# အခြေပြမြေပုံ



၂။ ရွှေအင်းကျေးရွာ မြေပုံ (တည်နေရာ)



၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ရွှေအင်းကျေးရွာအုပ်စု

(၁) ရွှေအင်းကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ရွှေအင်းအုပ်စု၊ ရွှေအင်းကျေးရွာ

ရွှေအင်းကျေးရွာသည် မိုးကောင်းမြို့နယ်နှင့် (၆) မိုင်ခန့်အကွာ၊ ဆားမော်ကျေးရွာနှင့် (၆) မိုင် အကွာခန့် အလယ်တည့်တည့်တွင်တည်ရှိပြီး မြစ်ကြီးနား၊ မန္တလေး မီးရထားလမ်း၏ ညာဘက်ခြမ်း ထိုပူးကျေးရွာနှင့် မျက်နှာချင်းဆိုင်တွင် ရှိပါသည်။ အိမ်ခြေ (၁၈၀)ခန့်နှင့် လူဦးရေ(၉၀၀) ကျော်နေထိုင် ကြပါသည်။ ရွှေအင်းကျေးရွာသည် မိုးကောင်းမြို့သို့ ကိုယ်ထူကိုယ်ထ ကျောက်ခင်းလမ်း ကြမ်းလေးဖြင့် ဆက်သွယ်ဖောက်လုပ်ထားပါသည်။

လက်ရှိရွှေအင်းကျေးရွာသည် (၁၉၅၂) ခုနှစ်တွင် တည်ထောင်ခဲ့သော ရွာအသစ်ဖြစ်ပြီး ယခင်က ရွာအဟောင်းမှာရွာ၏အနောက်ဘက် ဘုရားစေတီ တောင်ကုန်းကလေးအနီးတွင် တည်ရှိပါသည်။ ရွာဟောင်းအနီးတွင် ရွှေအင်းကြီးဟုခေါ်သော အင်းကြီးတစ်အင်းရှိပါသည်။ ထိုအင်းကြီးအားအမှီပြု၍ ရွှေအင်းကျေးရွာဟုအမည်ခေါ်ခဲ့ပါသည်။ ရွာဟောင်းပျက်ခဲ့ရခြင်းမှာ သူခိုး၊ ဓါးပြ၊ သူပုန်ရန်ကြောင့်ဖြစ်ပြီး ရွာငယ်လေး၊ လူနည်းစုဖြစ်သည့် အတွက် လူများစုဖြစ်စေရန် ယခုနေရာလေးသို့ ပြောင်းရွှေ့ တည်ထောင်ခဲ့ကြပါသည်။ ရွာတွင်နေထိုင်ကြသော လူမျိုးစုများမှာ ရှမ်းနီ၊ ယော နှင့် ဗမာများနေထိုင်ကြပြီး ဗုဒ္ဓဘာသာတစ်မျိုးတည်းကိုသာ ကိုးကွယ်ကြပါသည်။ တစ်ခြားဘာသာကိုးကွယ်သူများ မရှိပါ။ ရွှေအင်းကျေးရွာကို (၁၉၆၈) ခုနှစ်တွင် သူပုန်သောင်းကျန်းသူများ မီးဝင်ရှို့ခဲ့၍ တာဝန်ကျ တပ်မတော်သားတစ်ဦး ကျဆုံးသွားပြီး ရွာသူ/ရွာသားအများစု အသက်ဆုံးရှုံးခဲ့ပါသည်။ အနက်ရောင်နယ်မြေဖြစ်သောကြောင့် ပြာပုံဘဝသို့တစ်ခါရောက်ခဲ့ကြသည်။ ပြာပုံဘဝမှပြန်လည်ထူထောင်ပြီး အခြေကျခါစတွင် မီးရထားလမ်း ကင်းစောင့်/ချောဟုခေါ်သော ပေါ်တာဒဏ်ကို မခံနိုင်သောကြောင့် တချို့သော ရွာသူ/ရွာသားများမှာ မိုးကောင်းမြို့ပေါ်သို့ ပြောင်းရွှေ့ခိုလှုံသွား ကြသည်။

ရွာကိုသံယောဇဉ်ကြီးသည့် အိမ်ခြေ (၄၀) ခန့်သာ ကျန်ခဲ့ပြီး စစ်ဘေးစစ်ဒဏ်ကို ကြံ့ကြံ့ခံ နေထိုင်လာရင်းဖြင့် (၁၉၉၂) ခုနှစ်တွင် KIA နှင့်အပစ်အခတ်ရပ်စဲခဲ့ပြီးနောက်ပိုင်း နယ်မြေအေးချမ်း သာယာလာ၍ ရွာမှာလည်း တဖြည်းဖြည်း ပြန်လည်တိုးတက်လာခဲ့ပါသည်။ ရွှေအင်းကျေးရွာသည် လယ်သမားအများစုသာနေထိုင်ကြပြီး မြို့နှင့်အလှမ်းဝေး၍ လမ်းပမ်းဆက်သွယ်ရေးခက်ခဲသောကြောင့် အထက်တန်းကျောင်းနှင့် ဘွဲ့ရသည်အထိ ကျောင်းပညာရေး ဆုံးခန်းတိုင်အောင် ထားနိုင်သူများနည်းပါးပြီး မူလတန်းအောင်လျှင်လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ရတော့သည်။ ယခင်က ထိုပူးနှင့်ရွှေအင်း မူလတန်းကျောင်း တစ်ကျောင်းတည်းသာရှိပါသည်။

ယခုလက်ရှိရွှေအင်းကျေးရွာရှိ အ.လ.က (ခွဲ) စာသင်ကျောင်းမှာ (၁၉၉၈) ခုနှစ်တွင် အ.မ.က (ရွှေအင်း) စာသင်ကျောင်းအဖြစ်စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် မူလွန်ကျောင်းအဖြစ်သို့

အဆင့်တိုးမြှင့်ပေးခဲ့ပြီး ၂၀၁၅/၂၀၁၆ ပညာသင်နှစ်တွင် အ.လ.က (ခွဲ) ရွှေအင်းကျောင်း အဖြစ်သို့ တစ်ဆင့်ခြင်းတိုးမြှင့်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ ဆက်လက်၍ အလယ်တန်းကျောင်း(ကိုယ်ပိုင်)အဆင့်ထိ ဖွင့်လှစ် သင်ကြားနိုင်ရန် မျှော်လင့်ထားပါသည်။ ယခုလက်ရှိပညာရေး အခြေနေမှာ မိမိရွာတွင် အလယ်တန်းကျောင်း (၈) တန်းအဆင့်ထိ ပညာဆည်းပူးခွင့် ရရှိကြပါသည်။ ပညာတတ်ဘွဲ့ရများလည်း တိုးတက်များပြားလာသောကြောင့် နိုင်ငံ့ဝန်ထမ်းများ အဖြစ်လည်း အသီးသီး တာဝန်ထမ်းဆောင်လျက် ရှိကြပါသည်။ အခြေခံပညာအလယ်တန်းကျောင်း(ကိုယ်ပိုင်) အဖြစ်ဖွင့်လှစ်သင်ကြားနိုင်မည်ဆိုလျှင် ရွှေအင်း၊ ထိုပူးနှင့် ဖွေးဟော် ရွာများမှ ကျောင်းနေအရွယ် ကလေးများအားလုံး အပြည့်အဝ ပညာသင်ကြားခွင့် ရရှိကြမည်ဖြစ်သည်။ အရွယ်မရောက်မှီ လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ရသောဘေးမှလည်း ကင်းလွတ်မည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် စတင်၍ လျှပ်စစ်မီး ရရှိပြီး ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးလုံလောက်စွာ သုံးစွဲနိုင်ခဲ့ပါသည်။

လူထုဗဟိုပြုစီမံကိန်း (၄)နှစ်တာလုံး ပြီးမြောက်အောင်မြင်ပြီးလျှင် ရွှေအင်းကျေးရွာကလေးသည် စံပြကျေးရွာ ဖြစ်လာရန် ယုံကြည်မျှော်မှန်းထားပါသည်။ ယခင်ရွာ၏ အခြေအနေနှင့် ယခုရွာ၏ အခြေအနေမှာ အဘက်ဘက်မှတိုးတက်လျှက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကြောင့်လည်း များစွာ အထောက်အကူရရှိပြီး ရွှေအင်းကျေးရွာသည် ဆက်လက်ပြီးဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါတော့သည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၀ | ၃၀ | ၅၀ | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာခန့်ကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၀ | ၃၀ | ၅၀ | ကွဲပြားသောလူမှုစီးပွားရေး အမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသော အသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၀ | ၃၀ | ၅၀ | အမျိုးသမီးများနှင့် အမျိုးသားများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များ ကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီခွင်ပြပြက္ခဒိန် | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၀ | ၃၀ | ၅၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၁၉ | ၂၄ | ၄၃ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၁၉ | ၂၄ | ၄၃ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ မည်ကဲ့သို့သော လုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ



## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ရွှေအင်းကျေးရွာအုပ်စု၊ ရွှေအင်းကျေးရွာသည် မိုးကောင်းမြို့နယ်၏ အနောက်တောင် (၆)မိုင်ကွာတွင် တည်ရှိပါသည်။ ရွှေအင်းကျေးရွာ၏အရှေ့တောင်ကြားတွင် ထိုပူးကျေးရွာရှိပါသည်။ ရွှေအင်းကျေးရွာ၏ အနောက်ဘက်(၄)ဖာလုံအကွာ တောင်ကုန်းပေါ်တွင် စေတီတစ်ဆူရှိပြီး ရွာ၏တောင်ဘက် (၂)မိုင်အကွာတွင် ဖွေးဟော်ကျေးရွာရှိပါသည်။ ရွာ၏မြောက်ဘက်တွင် မန္တလေးမှမြစ်ကြီးနားသို့ ဆက်သွယ်ထားသောလမ်းရှိပြီး ထိုလမ်းမှတဆင့်ကျေးရွာသို့သွားရသည်။ ရွှေအင်းကျေးရွာ၏ပုံသဏ္ဍာန်မှာအရှေ့အနောက်သွယ်တန်းလျက်ရှိပါသည်။ ရွှေအင်းကျေးရွာကိုဖြတ်၍ ထိုပူးနှင့်ဖွေးဟော်ကျေးရွာသို့ သွားသောလမ်းကို ဖောက်လုပ်ထား ပါသည်။ ရွှေအင်းကျေးရွာတွင်နေထိုင်သောလူဦးရေမှာ ကျား - ၄၈၇ ဦး၊ မ - ၄၆၆ ဦးနေထိုင်ကြသည်။ အိမ်ခြေ(၁၈၀)အိမ်ရှိပြီး သွပ်မိုးပျဉ်ထောင်နှင့်သွပ်မိုးဝါးထရံကာအိမ်များ နေထိုင်ကြပါသည်။ ရွှေအင်းကျေးရွာ တစ်ရွာလုံးဗုဒ္ဓဘာသာကိုသာကိုးကွယ်ကြပါသည်။ အမျိုးသမီးဆောင်သောအိမ်ထောင်ဦးစီး (၆၀)ရှိပါသည်။

(၁) သောက်သုံးရေ

ရွှေအင်းကျေးရွာတွင် သောက်သုံးရေအတွက်လက်နှိပ်တုံကင်များနှင့် လက်တူးတွင်းရေများမှာ သောက်သုံးရေအဖြစ်လုံလောက်မှုရှိပါသည်။ သောက်သုံးရေအတွက်အရည်အသွေးပြည့်မှီသော ရေသန့်စက် မရှိသော်လည်း သောက်သုံးရေအတွက် အဆင်ပြေသည်။ ရေများမှာ ဝါခြင်း၊နီခြင်းများအနည်းငယ်ရှိပါသည်။ သက်ကြီးရွယ်အိုများနှင့်ကလေးသူငယ်များလည်း လက်လှမ်းမှီစွာအသုံးပြုနိုင်သည်။

(၂) လမ်းပန်းဆက်သွယ်ရေး

ရွှေအင်းကျေးရွာသည် အဓိကလမ်းမကြီးမှာ ကျောက်ကြမ်းလမ်းဖြစ်သည်။ ရွှေအင်း၊ထိုပူး၊ နှင့်ဖွေးဟော် ရွာသုံးရွာတို့ အဓိကအသုံးပြုနေသောလမ်းဖြစ်သည်။ ၎င်းကျောက်ကြမ်းလမ်းမှာ (၃)ရွာလုံး သုံးသောလမ်းဖြစ်သောကြောင့် အဆင့်မြှင့်တင်နိုင်ခြင်းမရှိပဲ ခြောက်သွေ့ရာသီတွင် အဆင်ပြေသော်လည်း စိုစွတ်သောရာသီတွင် အဆင်မပြေပါ။ မိုကောင်းမြို့ပေါ်သို့ကျောင်းသွားရသော ကျောင်းသားများနှင့် ကျေးရွာသို့ စာသင်လာရသော ဆရာ၊ဆရာမများသည် လမ်းမကောင်းသောကြောင့် မိုးတွင်းဘက်တွင် သွားလာရေးအခက်အခဲ ဖြစ်ပါသည်။

(၃) ပညာရေး

ရွှေအင်းကျေးရွာတွင် အလယ်တန်းကျောင်းရှိပါသည်။ ယခုလက်ရှိကျောင်းမှာ အုတ်ကျောင်း ဖြစ်သည်။ ကျောင်းခုံစည်းရိုးများမှာလည်း စာသင်ကျောင်းနှင့် ကျောင်းသား၊ကျောင်းသူများအတွက် လုံခြုံမှု မရှိပါ။ ရွှေအင်းကျေးရွာတွင် ကျောင်းစနေသည့်အရွယ်မှ ရှစ်တန်းအထိ ထိုကျောင်းတွင် တက်ရောက်ရပါသည်။ အလယ်တန်းပြီးဆုံးသည်နှင့် အထက်တန်းအား ဆက်လက်သက်ကြားရန် မိုးကောင်းမြို့ပေါ်သွားရောက်ရသည်။ မူကြိုကျောင်းနှင့် စာကြည့်တိုက် မရှိသည့်အတွက် စာပေဗဟုသုတ နည်းပါးကြသည်။

(၄) ကျန်းမာရေး

ရွှေအင်းကျေးရွာတွင် ကျန်းမာရေးဌာနမရှိသောကြောင့် ထိပူးကျေးရွာရှိ ဆေးခန်းသို့ တက်ရောက် ကုသရပါသည်။ အကွာအဝေးမှာနီးသောကြောင့် အခက်အခဲမရှိပါ။ ရွှေအင်းကျေးရွာတွင် ယင်လုံအိမ်သာများ ကိုသာသုံးစွဲကြသူများပါသည်။ ရွှေအင်းကျေးရွာတွင် ပဋိပက္ခ အကြမ်းဖက်မှုများကြောင့် ထိခိုက်ရသောမိသားစုများနှင့် အုပ်စုများ မရှိကြပါ။ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များကို (၁)လတစ်ကြိမ်ကာကွယ်ဆေးနှင့် လိုအပ်သည်များကိုညွှန်ကြားမှုပေးပါသည်။


(၅) စီးပွားရေး

ရွှေအင်းကျေးရွာ၏ အဓိကစီးပွားရေး အရင်းအမြစ်မှာ လယ်မြေနှင့် ယာခင်းများလုပ်ကိုင်ခြင်း ဖြစ်ပါသည်။ အိမ်ခြေ (၁၈၀) အိမ် ရှိသည့်အနက် လယ်သမားဦးရေ (၁၀၀)ဦး ရှိပါသည်။ ထိုလယ်သမား (၁၀၀) ဦးသည်လယ်ပြီးသည်နှင့် ယာခင်းများကို ဆက်လက်ထွန်ယက် စိုက်ပျိုးကြသည်။ မိုးတွင်းဘက်တွင် စပါးစိုက်ပြီး ဆောင်းနှင့်နွေဘက်တွင် နှမ်းနှင့်မြေပဲများကို စိုက်ပျိုးကြပါသည်။ ရွှေအင်းကျေးရွာတွင် လယ်သမားဦးရေနှင့် လက်လုပ်လက်စားဦးရေမှာ မမျှတပါ။ ထိုကြောင့် ဖားကန့်နှင့်အခြားသောမြို့ များသို့ အလုပ်လုပ်နေရသော လူငယ်များလည်း ရှိပါသည်။

**ပြဿနာအနှစ်ချုပ်**

ရွှေအင်းကျေးရွာသည် အိမ်ခြေ (၁၈၀) အိမ်သည့်ရွာတစ်ရွာဖြစ်သည်။ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သဖြင့် မိုးတွင်းအချိန်တွင် သွားလာရခက်ခဲပါသည်။ ကျောင်းသား၊ကျောင်းသူများအတွက် ဗဟုသုတနည်းပါးခြင်းကြောင့် စာကြည့်တိုက်နှင့် မူကြိုကျောင်းလိုအပ်နေပါသည်။ မိုးကောင်းမြို့နှင့် အနည်းငယ်နီးသောကြောင့်လိုအပ်သော ပစ္စည်းများအား မြို့ပေါ်တွင် သွားရောက်ဝယ်ယူရသည်။

## (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်း



ရွှေအင်းကျေးရွာ (ဥစ္စာဓန ကြွယ်ဝမှု ဇယား)

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက - ၅၀ ထက်၊ လယ်ထွန်စက်၊ ကား၊ ဆန်စက် အရင်းအနှီး၊ နွားအကောင်-၃၀၊ | ၉ ဦး | ၅% |
| သာမာန် | လယ်ဧက - ၂၀ ထက်၊ နွား - ၅ ကောင်၊ ထွန်စက်ငယ် အရင်းနှီး အနည်းငယ်၊ ဆိုင်ကယ် | ၈၂ ဦး | ၄၅.၆% |
| အဆင်မပြေ | လယ်မြေမရှိ၊ လက်လုပ်လက်စား၊ စက်ဘီး | ၇၇ ဦး | ၄၂.၈% |
| နွမ်းပါး | သက်ကြီးရွယ်အို၊ ကျောထောက်နောက်ခံမရှိ | ၁၂ ဦး | ၆.၇% |
| စုစုပေါင်း | | ၁၈၀ | ၁၀၀% |

**ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ခြင်းပြဇယား သုံးသပ်ချက်**

ရွှေအင်းကျေးရွာ၏ လူမှုရေးအခြေအနေပြမြေပုံအရ ချမ်းသာသောအုပ်စု၊ သာမာန်အုပ်စု၊ အဆင်မပြေသောအုပ်စု၊ နွမ်းပါးသောအုပ်စုဟူ၍ (၄) မျိုးရှိပါသည်။ ချမ်းသာသောအုပ်စုသည် လယ်ဧက (၅၀) နှင့်အထက်လယ်ထွန်စက်၊ ကား၊ ဆန်စက်၊ နွားအကောင် (၃၀) တို့ကိုပိုင်ဆိုင်ကြသည်။ ရာခိုင်နှုန်းအားဖြင့် (၅%) သာရှိပါသည်။ သာမာန်အုပ်စုသည် လယ်ဧက (၂၀)၊ နွား (၅) ကောင်၊ ထွန်စက်ငယ်၊ အရင်းနှီးအနည်းငယ်နှင့် ဆိုင်ကယ်တို့ကိုပိုင်ကြပြီး ရာခိုင်နှုန်းအားဖြင့် (၄၃%) ရှိသည်။ အဆင်မပြေသောအုပ်စုသည် လယ်မြေမရှိ၊ လက်လုပ်လက်စား၊ စက်ဘီး တို့ကိုပိုင်ဆိုင်ကြသည်။ ရာခိုင်နှုန်းဖြင့် (၄၃%) ရှိသည်။ နွမ်းပါးသောအုပ်စုသည် သက်ကြီးရွယ်အိုများ၊ ကျောထောက်နောက်ခံမရှိသောသူတို့ပြီး ရာခိုင်နှုန်းဖြင့် (၇%) ဖြစ်သည်။

**ပြဿနာအနှစ်ချုပ်**

ရွှေအင်းကျေးရွာတွင် ချမ်းသာသောအိမ်ထောင်စုသည် (၉) စုခန့်နှင့်အခြား အရင်းအနှီးအနည်းငယ်ရှိသော အိမ်ထောင်စုသည် နည်းပါးသည်။ အများစုမှာ အရင်းအနှီးမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေဝမ်းကြောင်းပညာမတတ်မြောက်ခြင်းတို့ဖြစ်သည်။ ပုံမှန်ဝင်ငွေနည်းပါးခြင်းတို့ကြောင့် စီးပွားရေးမပြေလည်သည့် အခက်အခဲများနှင့်ကြုံတွေ့နေရသည်။

## (၈) ပိုင်ဆိုင်မှုသုံးသပ်ခြင်း






**ပိုင်ဆိုင်မှုသုံးသပ်ခြင်းပြဇယား သုံးသပ်ချက်**

ရွှေအင်းကျေးရွာတွင် အလုပ်ကြမ်းများကို အမျိုးသားများကသာ လုပ်ကိုင်ကြပြီး အမျိုးသမီးလုပ်ကိုင်မှုမှာ နည်းသည်။ တချို့အလုပ်များတွင် စက်ကိရိယာများနှင့် လုပ်ကိုင်ရသည့် အလုပ်များတွင်အမျိုးသမီးများလုပ်ကိုင်နိုင်မှု မရှိခြင်းကြောင့် အမျိုးသမီးများ သုံးစွဲမှုနည်းပါးသည်။ ထိန်းချုပ်မှုပိုင်းတွင် တချို့သောကိစ္စများနှင့် လုပ်ငန်းဆောင်တာများ၊ ရောင်းဝယ်ရေးလုပ်ငန်းများကို အမျိုးသားနှင့်အမျိုးသမီးနှစ်ဦးစလုံးထိန်းချုပ်ကြသည်။ ရွှေအင်းကျေးရွာတွင် အရင်းအမြစ်သုံးစွဲမှုနှင့် အရင်းအမြစ်ထိန်းချုပ်မှုတို့ကို နှစ်ဦးစလုံးသုံးစွဲထိန်းချုပ်ကြသည်။

**ပြဿနာအနှစ်ချုပ်**

ရွှေအင်းကျေးရွာတွင် အရင်းအမြစ်နည်းပါးသည်။ အမျိုးသားများသည် မိသားစု၏ စားဝတ်နေရေးအတွက် လယ်ယာလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ တစ်ဦးတည်းသုံးစွဲမှုနှင့် ထိန်းချုပ်မှုတို့တွင် အမျိုးသမီးများထက်များရခြင်းဖြစ်သည်။ အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စများနှင့် ကျောင်းသားကိစ္စများရှိသောကြောင့် အမျိုးသမီးများတစ်ဦးတည်း သုံးစွဲမှုနှင့်ထိန်းချုပ်မှု နည်းပါးရသည်။

(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း



**ပင့်ကူအိမ်ပြဇယား သုံးသပ်ချက်**

ကျန်းမာရေးလက်လှမ်းမှီမှု

ကျန်းမာရေးလက်လှမ်းမှီမှုတွင် အမျိုးသားများမှာ (၃၀%) ထိသာ ရှိပြီး၊ အမျိုးသမီးများမှာ (၇၀%) ထိရှိသည်။ အမျိုးသားများမှာ လယ်ယာလုပ်ငန်း၊ အပြင်လုပ်ငန်းနှင့် အခြားသောစီးပွားရေး လုပ်ငန်းကိုသာ လုပ်ကိုင်သောကြောင့်ဖြစ်ပြီး အမျိုးသမီးများမှာ မိသားစု၏စားဝတ်နေရေးနှင့် ကျန်းမာရေးကိုသာ အလေးပေးဂရုစိုက်သောကြောင့်ဖြစ်သည်။

လုံခြုံမှု

လုံခြုံမှုတွင် အမျိုးသားများ၏လုံခြုံမှုပေးနိုင်မှုမှာ (၅၀%) ထိရှိပြီး၊ အမျိုးသမီးများ၏ လုံခြုံမှုပေးနိုင်မှုမှာ (၃၀%) ထိသည်။ အမျိုးသားများသည် အိမ်ထောင်ဦးစီးဖြစ်သည့်အပြင် ခွန်အားဗလရှိပြီး၊ အမျိုးသမီးများမှာ အားနွဲ့ပြီးအိမ်မှုကိစ္စများသာ လုပ်ရသောကြောင့်ဖြစ်သည်။

အဖွဲ့အစည်းများတွင်ပါဝင်နိုင်မှု

အဖွဲ့အစည်းများတွင်ပါဝင်နိုင်မှုတွင် အမျိုးသားများ၏ ပါဝင်နိုင်မှုမှာ (၁၀၀%) ထိရှိပြီး၊ အမျိုးသမီးများ၏ ပါဝင်နိုင်မှုမှာ (၅၀%) ထိရှိသည်။ အမျိုးသားများသာ အစဉ်အဆက်ဦးဆောင်လာပြီး ဆုံးဖြတ်ချက်များ၊ ရဲရင့်မှုများတွင် အမျိုးသားကပါဝင်ခွင့်မပေးသောကြောင့် ဖြစ်သည်။ အမျိုးသမီးများသည် ရှေးရိုးအစဉ်အလာအရ အိမ်မှုကိစ္စများသာ လုပ်ကိုင်ရသောကြောင့် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်မရခြင်းဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်း

ရွှေအင်းကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် အမျိုးသားများမှာ (၈၀%) ထိရှိပြီး အမျိုးသမီးများမှာ (၃၀%) ထိသာရှိသည်။ အမျိုးသားများအတွက် လုပ်ကိုင်ရသည့်အလုပ်ပေါများသဖြင့် အမျိုးသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းမှာများနေခြင်းဖြစ်သည်။ အမျိုးသမီးများ လုပ်ကိုင်ရသည့် အလုပ်များမှာ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း၊ ပဲကောက်လိုက်ခြင်း စသောအလုပ်များသာရှိသည်။ အခြားဒေသများတွင် အလုပ်အကိုင်များရှိသော်လည်း အမျိုးသားများသာ သွားရောက်လုပ်ကိုင်ကြသည်။ အမျိုးသမီးများသည် အခြားဒေသတွင်ရှိသော အလုပ်များကို လက်လှမ်းမှီမှုနည်းပါးသည်။ အမျိုးသမီးများ စိုးရိမ်စိတ်များကြောင့် သွားရောက်လုပ်ကိုင်နိုင်မှုမရှိခြင်းဖြစ်သည်။

ဦးဆောင်နိုင်မှု

ရွှေအင်းကျေးရွာတွင် အမျိုးသားများ၏ ဦးဆောင်နိုင်မှုမှာ (၉၀%) ထိရှိပြီး၊ အမျိုးသမီးများ၏ ဦးဆောင်မှုမှာ (၅၀%) ရှိပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ဦးဆောင်မှု အားနည်းရခြင်းမှာ ရှေးရိုးအစဉ်အလာအတိုင်း အမျိုးသားများသာ ဆုံးဖြတ်ချက်ချနိုင်၍ အိမ်ထောင်ဦးစီး များသာ ဦးဆောင်ကြပြီး အမျိုးသမီးများကလည်း မိမိကိုယ်ကို ယုံကြည်မှုအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။

ဝင်ငွေရရှိမှု

ရွှေအင်းကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးများ ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသားများမှာ (၈၀%) ထိရှိပြီး၊ အမျိုးသမီးများမှာ (၄၀%) ထိသာရှိသည်။အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စများပိုမို အချိန်ပေးလုပ်ကိုင်ရသဖြင့် အမျိုးသားထက် ဝင်ငွေရှာဖွေနိုင်မှုအားနည်းရခြင်းဖြစ်သည်။

အိမ်မှုကိစ္စဆောင်ရွက်မှု

ရွှေအင်းကျေးရွာတွင် အိမ်ကိစ္စများဆောင်ရွက်မှုတွင် အမျိုးသားများမှာ (၃၀) ထိရှိပြီး၊ အမျိုးသမီးများမှာ (၉၀%) ထိလုပ်ကိုင်လေ့ရှိသည်။ အမျိုးသားများမှာ အပြင်စီးပွားရေးလုပ်ငန်းကိုသာ လုပ်ကိုင်ပြီးဝင်ငွေရှာဖွေရမည်ဟူသော ရှေးဓလေ့ထုံးစံများကြောင့် အပြင်စီးပွားရေးများကိုသာ လုပ်ကိုင်ကြသည်။


ပညာရေးလက်လှမ်းမှီမှု

ပညာရေးလက်လှမ်းမှီမှုတွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ ပညာတတ်မြောက်မှုမှာ (၅၀%)တွင်တန်းတူရှိသည်။ မိဘများကလည်း မိမိ၏သားနှင့်သမီး နှစ်ဦးစလုံးပညာတတ်မြောက်မှုကို လိုလားသည့် အတွက် နှစ်ဦးစလုံးကို တတ်နိုင်သမျှကျောင်းထားပေးသည်။

**ပြဿနာအနှစ်ချုပ်**

ပင့်ကူအိမ်သုံးသပ်ခြင်းတွင် အမျိုးသားများသာ လုပ်ငန်းဆောင်တာများကို ဦးဆောင်မှုများများ လုပ်ဆောင်ကြသည်။ အမျိုးသားများသည် အိမ်ထောင်ဦးစီးပီသစွာ မိသားစုအပေါ် ဦးစီးလုပ် ဆောင်ရသောကြောင့်ဖြစ်သည်။ အမျိုးသမီးများမှာလည်း မိသားစု၏ကျန်းမာရေးနှင့် မိမိ၏ကလေးငယ်များကို ဂရုစိုက်ရသောကြောင့် အိမ်တွင်သာများသောအားဖြင့် နေရသောကြောင့် အပြင်စီးပွားရေးလုပ်ဆောင်မှု နည်းပါးသည်။

(င)ရာသီခွင်ပြ ပြက္ခဒိန်




**ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်**


ရွှေအင်းကျေးရွာသည် အဓိကအသက်မွေးဝမ်းကြောင်းမှာ လယ်မြေနှင့် ယာမြေတို့ကိုအဓိကထား လုပ်ကိုင်ကြသည်။ ရွှေအင်းကျေးရွာသည် ရာသီအလိုက်အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြသည်။ တန်ခူးလတွင် နေပူ၍လယ်ယာလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ကြရင်း တန်ခူးလ၏သင်္ကြန်ပွဲတော်များကျင်းပကြသည်။ ကဆုန်လတွင် ပျိုးပင်များစိုက်ပျိုးကြရင်း ညောင်ရေသွန်းပွဲတော်အား ကျင်းပကြသည်။ နယုန်လနှင့်ဝါဆိုလများတွင် စပါးပင်များအား စတင်စိုက်ပျိုးကြသည်။ ဝါခေါင်လနှင့်တော်သလင်းလများတွင် စိုက်ပျိုးထားသော စပါးပင်များအား မြေဩဇာများပက်ဖျန်းကြသည်။ သီတင်းကျွတ်မှ စပါးပင်များအားစတင် ရိတ်သိမ်း၍ပြာသိုလတွင် အဆုံးသတ်ကြသည်။ ထိုလများတွင်ဝင်ငွေမှာနည်းပါးသည်။ တပို့တွဲလနှင့်တပေါင်းလများတွင် လယ်သမားများ ဝင်ငွေကောင်းပြီး ထမနဲပွဲများနှင့် ရှင်ပြုအလှူပွဲများအား စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

**ပြဿနာအနှစ်ချုပ်**

ရွှေအင်းကျေးရွာတွင် အဓိကအသက်မွေးဝမ်းကြောင်းဖြစ်သော လယ်မြေနှင့် ယာမြေလုပ်ငန်း လုပ်ကိုင်ကြသည်။ များသောအားဖြင့် နေ့စားလုပ်ကိုင်ကြသည်။ လယ်သမားများသည် ရာသီအလိုက် မိမိတို့၏ သီးနှံစိုက်ခင်းများမပျက်စီးရန်၊ အချိန်မှီ စိုက်ပျိုးရိတ်သိမ်းနိုင်ရန် ပူပန်နေကြသည်။ အဆင်မပြေသော အိမ်ထောင်စုများမှာလည်း အခြားသောဒေသသို့ စီးပွားရှာထွက်သဖြင့် အလုပ်သမား ရှားပါးသည့် ပြဿနာများလည်းရှိသည်။ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး လမ်းပန်းဆက်သွယ်မှုလည်း အဆင်မပြေ၊ အလုပ်အကိုင်ရှားပါးသည့် အခက်အခဲများလည်းရှိသည်။

(စ) ဗင်းပုံစံ





**ဗင်းပုံစံ သုံးသပ်ချက်**


ရွှေအင်းကျေးရွာတွင်ရှိသော အဖွဲ့များမှာ အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ ဘုရားလူကြီး၊ ကျောင်းကော်မတီ၊ မီးသတ်၊ ကြက်ခြေနီ၊ မယ်ခင်နှင့် ပေါ်ခင်၊ ကပ္ပိယ တို့ဖြစ်ပါသည်။ မြို့နယ်နှင့်ဆက်စပ်နေသော အဖွဲ့ အစည်းများမှာ- မြို့နယ်အုပ်ချုပ်ရေး၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ ကျောင်းကော်မတီ၊ မီးသတ်၊ ကြက်ခြေနီ၊ နယ်ထိန်းရဲနှင့် လဝက တို့ဖြစ်သည်။ အဖွဲ့အစည်းများဖွဲ့စည်းထားသော်လည်း ရပ်ရေးရွာရေးနှင့် ပျော်ပွဲ ရွှင်ပွဲများတွင် ကျေးရွာသူ/သားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်၍ တညီတညွတ်တည်း လုပ်ဆောင်ကြပါသည်။

**ပြဿနာအနှစ်ချုပ်**

မြို့နယ်နှင့် အနည်းငယ်နီးစပ်မှုရှိပြီး အဖွဲ့အစည်းများအားလုံးနှင့်လည်း ချိတ်ဆက် လုပ်ဆောင်မှုရှိပါသည်။ မိုးတွင်းလယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်သည့်အချိန်များတွင် စီမံကိန်းမှ အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားသည့်အတွက် တက်ရောက်နိုင်မှုအားနည်းသည်။

(ဆ) အမျိုးသား/ အမျိုးသမီး အခက်အခဲများ


**အမျိုးသား**



ရွှေအင်းကျေးရွာ — အမျိုးသား

| စဉ် | ပြဿနာအခက်အခဲ | ဖြေရှင်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|
| ၁။ | ရွာတွင်းလမ်း၊ တံတား | – ကျောက်ချောလမ်း၊ ကွန်ကရစ်တံတား၊ သံကျောက်လမ်း | – ကွန်ကရစ်လမ်းတံတား |
| ၂။ | ကျောင်းဆရာ/ဆရာမ မလုံလောက် | – အစိုးရခန့်ဆရာ/ဆရာမ ဖြည့်ရေး | – ဆရာ/ဆရာမ ရရှိရေး |
| ၃။ | စိုက်ပျိုးရေး | – စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးရေး | – မြေဩဇာ၊ အာသီပညာ စိုက်ပျိုးရေး |
| ၄။ | စာသင်ကျောင်းခြံစည်းရိုး | – သဲ၊ ဂဏ | – ကွန်ကရစ်တိုင်နှင့်သံဇကာ |
| ၅။ | အားကစားကွင်း | – အဆင့်မှီအားကစားကွင်း | – မြို့နယ်အဆင့်မှီအားကစားကွင်း |
| ၆။ | မူကြိုကျောင်း | – မူကြိုကျောင်းရရှိရေး | – RC-1ထပ်ရရှိရေး |
| ၇။ | ကျန်းမာရေးဆေးပေးခန်း | – ဆေးခန်းနှင့်ဆရာ/ဆရာမရရှိရေး | – RC-နှင့်ဆရာဝန်ရရှိရေး |
| ၈။ | အလယ်တန်းအဆင့်ကျောင်း | – အလယ်တန်းကျောင်းရရှိရေး | – ကိုယ်ပိုင်အလယ်တန်းကျောင်း |

**အမျိုးသမီး**



ရွှေအင်းကျေးရွာ — အမျိုးသမီး

| စဉ် | ပြဿနာအခက်အခဲ | ဖြေရှင်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|
| ၁။ | မိုးတွင်းတွင်လမ်းများ သွားလာရေးခက်ခဲ | – သွားလာရေးအဆင်ပြေချောမွေ့စေရန် | – သံကျောက်ခင်းလမ်း |
| ၂။ | အရောင်းအဝယ် ခက်ခဲမှု | – အရောင်းအဝယ် ပိုမိုကောင်းလာရန် | – ကျေးလက်ဈေး |
| ၃။ | ကလေးသူငယ်ဖွံ့ဖြိုးမှုအားနည်း | – ကလေးငယ်များ အသိပညာအတတ်ပညာများ တိုးပွားလာစေရန် | – မူကြိုကျောင်း |
| ၄။ | မိုးတွင်းတွင် တံတားများ သွားလာရေးခက်ခဲ | – သွားလာရေးအဆင်ပြေချောမွေ့စေရန် | – ကွန်ကရစ်၊ ရေဖြတ်တံတား |
| ၅။ | စာသင်ကျောင်းခြံစည်းရိုး မလုံခြုံ | – ကျောင်းသားကျောင်းသူများ လုံခြုံမှုရှိစေရန် | – အုတ်တံတိုင်း |
| ၆။ | ရွာအတွင်း အချိန်မှီမကုသနိုင် | – ကျန်းမာရေးစောင့်ရှောက်မှု ရှိစေရန် | – ကျေးလက်ဆေးပေးခန်း |

**အမျိုးသား/အမျိုးသမီး အခက်အခဲများ သုံးသပ်ချက်**

ပြဿနာအခက်အခဲများကို ဆွေးနွေးကြရာတွင် အမျိုးသားနှင့်အမျိုးသမီး တူညီသော အခက်အခဲများမှာ ရွာတွင်းလမ်း၊တံတားများ မကောင်းသောကြောင့် သွားလာရေးခက်ခဲခြင်း၊ စာသင်ကျောင်းခြံစည်းရိုးများ လုံခြုံမှုမရှိခြင်း၊ ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ဖျားနာရာတွင် အချိန်မီမကုသနိုင်ခြင်း တို့ဖြစ်သည်။


အမျိုးသမီးများ သီးသန့်အခက်အခဲများအနေဖြင့် ရွာတွင်းအရောင်းအဝယ်လုပ်ရန် ခက်ခဲမှုခြင်းနှင့် ကလေးသူငယ်များဖွံ့ဖြိုးမှုအားနည်းခြင်း စသောအခက်အခဲများရှိပါသည်။ အမျိုးသားများသည် ကျောင်းဆရာ/မများမလုံလောက်သောအခက်အခဲ၊ စိုက်ပျိုးရေးနည်းပညာအခက်အခဲနှင့် အားကစားကွင်းမရှိသောအခက်အခဲများ ဆွေးနွေးခဲ့ကြသည်။ အခက်အခဲများကိုသုံးသပ်ရမည်ဆိုလျှင် ရွှေအင်းကျေးရွာတွင် ကျေးရွာထဲတွင်ခက်ခဲနေသောအရာသည် လမ်းပန်းဆက်သွယ်ရေးအခက်အခဲသည် အဓိကကျသော အခက်အခဲ ဖြစ်နေသည်။

**(ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) သုံးသပ်ချက်**

အမျိုးသား/အမျိုးသမီး မျှော်မှန်းချက်များတွင် လမ်းပန်းဆက်သွယ်ရေးအတွက် ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ ပညာရေးတွင် ကျောင်းခြံစည်းရိုးများ သံဇကာခတ်နိုင်ရန်၊ အစိုးရခန့် ကျောင်းဆရာ/မများ ရရှိရန်၊ မူကြိုကျောင်းနှင့် အလယ်တန်းကျောင်းရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရှိရန်နှင့် ဆေးခန်းနှင့်ဆရာ/မများ ရရှိရန် စသော မျှော်မှန်းချက်များ ရှိကြသည်။ ထပ်ဆင့်၍ အမျိုးသမီးများသည် ရွာတွင်းအရောင်းအဝယ်ပိုမိုအားကောင်းလာရန်နှင့် ကလေးသူငယ်များ အသိပညာ၊အတတ်ပညာများ တိုးပွားလာစေရန်မျှော်မှန်းကြသည်။

အမျိုးသားများသည် စိုက်ပျိုးရေးဘက်တွင်အားစိုက်လုပ်ကိုင်ရသောကြောင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အဆင့်မြင့်အားကစားကွင်းများ ရရှိရန်မျှော်မှန်းသည်။ အချုပ်အားဖြင့် ဆိုရသော် အမျိုးသား/အမျိုးသမီး အဓိကမျှော်မှန်းသောလုပ်ငန်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးဖြစ်ပါသည်။

(၅) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ သုံးသပ်ချက်




ဦးစားပေးလုပ်ငန်းများဖော်ထုတ်ပြီးနောက် အကျိုးဝင်သောလုပ်ငန်းနှင့် အကျိုးမဝင်သော လုပ်ငန်းများ စီစစ်ပြီး ယခုနှစ်စတင်အကောင်အထည်ဖော်မည့်လုပ်ငန်းကို မဲပေးဆုံးဖြတ်ကြရာ ကျောက်ချောလမ်းသည် အမျိုးသားနှင့်အမျိုးသမီး နှစ်ဘက်လုံးတောင်းဆိုသည့်လုပ်ငန်းဖြစ်သည့်အလျောက် ကျေးရွာလူထုကလည်း စိတ်အားထက်သန်စွာ မဲထည့်ဝင်ပြီး (၂၁၈)မဲ အများဆုံးနှင့် ဦးဆောင်လျှက် ပထမဦးစားပေးလုပ်ငန်း ဖြစ်သည်။ ဒုတိယဦးစားပေးလုပ်ငန်းမှာ ရွာတွင်းကွန်ကရစ်တံတားဖြစ်ပြီး တတိယဦးစားပေးလုပ်ငန်းအဖြစ် မူကြိုကျောင်းတည်ဆောက်ခြင်းလုပ်ငန်းများဖြစ်ပါသည်။

ရွေးချယ်ဆုံးဖြတ်ထားသော ဦးစားပေးလုပ်ငန်းများအတွက်လည်း ကျေးရွာလူထုများ ကျေနပ်အားရမှု ရှိသည့်အပြင် လိုအပ်သည့်အခြေခံအဆောက်အအုံများကိုလည်း လူထုဗဟိုပြုစီမံကိန်းက (၄)နှစ်ဆက်တိုက် အကောင်အထည်ဖော်တည်ဆောက်ပေးမည်ဖြစ်သောကြောင့် ကျေးရွာသူ/သားများ ပျော်ရွှင်အားရ ကျေနပ်ပြီး ဆွေးနွေးမှုများအားလုံးကို စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ကြပါသည်။

၇။



ရွှေအင်းကျေးရွာအုပ်စု၊ ရွှေအင်းကျေးရွာ ပထမနေ့ အစည်းအဝေး



ရွှေအင်းကျေးရွာအုပ်စု၊ ရွှေအင်းကျေးရွာ လုပ်ငန်းခွဲများမဲပေးရွေးချယ်နေပုံ



ရွှေအင်းကျေးရွာအုပ်စု၊ ရွှေအင်းကျေးရွာ VDP ရေးဆွဲနေပုံ




ရွှေအင်းကျေးရွာအုပ်စု၊ ရွှေအင်းကျေးရွာ အခက်အခဲများဖော်ထုတ်နေပုံ

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များစာရင်း

ကျေးရွာအုပ်စု- ရွှေအဝင်း

ကျေးရွာ- ရွှေအဝင်း

ရက်စွဲ-

| စဉ် | အမည် | ကော်မတီဝင် | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ဦးဝင်းနိုင် | ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ | ဥက္ကဋ္ဌ | 09-979471704 |
| ၂။ | ဒေါ်မြငယ် | ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီ | ဥက္ကဋ္ဌ | 09-400015517 |
| ၃။ | ဒေါ်ဆုသီ | ဝယ်ယူရေး ဆပ်ကော်မတီ | ခေါင်းဆောင် | 09-400044808 |
| ၄။ | ဦးဇော်မင်းထွန်း | ဝယ်ယူရေး ဆပ်ကော်မတီ | မှတ်တမ်းထိန်း | 09-261804661 |
| ၅။ | ဦးဝင်းနိုင်ဦး | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | | |
| ၆။ | ဒေါ်ခင်ဇေ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | | |
| ၇။ | ဦးထင်အောင်ထွန်း | ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | | 09-262223496 |
| ၈။ | ဒေါ်ခင်သောသော | ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | | 09-259873497 |
| ၉။ | ဦးသာရွှေ | အကြံပြုတိုင်ကြားရေး တာဝန်ခံ | | 09-263365531 |
| ၁၀။ | ဒေါ်ထွေးညို | အကြံပြုတိုင်ကြားရေး တာဝန်ခံ | | 09-9770498613 |
| ၁၁။ | ဒေါ်ကြည်ကြည်ဝင်း | ဘဏ္ဍာရေး ဆပ်ကော်မတီ | ဥက္ကဋ္ဌ | 09-258822591 |
| ၁၂။ | ဦးသန်းထိုက်ဦး | ဘဏ္ဍာရေး ဆပ်ကော်မတီ | ငွေစာရင်းကိုင် | 09-47004377 |
| ၁၃။ | ဦးမျိုးမင်းထွန်း | ဘဏ္ဍာရေး ဆပ်ကော်မတီ | အဖွဲ့ဝင် | 09-258038845 |
| ၁၄။ | ဦးစိုးမြင့်ထွန်း | ကျေးရွာစေတနာ့ဝန်ထမ်း | | 09-262661226 |
| ၁၅။ | ဒေါ်သီသီဝင်းညွန့် | ကျေးရွာ စေတနာ့ဝန်ထမ်း | | 09-256408946 |
| | | | | |
| | | | | |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးချစ်ဦး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-၉၇၉၄၇၀၆၀၆ | လူထုစည်းရုံးရေးမှူး၏ အမည် ဦးဇော်ဇင်ထက် | |
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ရွှေအုံး | ကျေးရွာ- ရွှေအုံး |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကချင် | ၂ | ဘာသာ (၁) ဗုဒ္ဓ | ၂ |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------- | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------- | |
| လူမျိုးစုရော (ရှမ်း၊ဗမာ) | ၁၇၈ | ဘာသာရော ဗုဒ္ဓ | ၁၇၈ |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၄၈၇ | ၄၆၆ |
| လူမျိုးစု (၁) ကချင် | ၆ | ၃ |
| လူမျိုးစု (၂) ရှမ်း၊ဗမာ | ၄၈၁ | ၄၆၃ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၂၀ | ၆၀ |

| | | | | | | |
|---|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| (ကျောက်ကြမ်းလမ်း) | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** **ဝိုင်းပါ**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/(မသိပါ)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /(မသိပါ)

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်----------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့

(၂) လူမှု၊ အလှူ၊ ဝေါလီ၊ ဘော

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးချစ်စိုး

လက်မှတ် [signature] နေ့စွဲ ၂၆-၂-၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦးရဲမင်းထက်

လက်မှတ် [signature] နေ့စွဲ ၂၆-၂-၂၀၁၇

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးရင်မြင့်ထက် - ဒေါ်အေးနုနွယ် | | | |
| နေ့စွဲ ၂၆ - ၂ - ၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ရွှေအိုင်း | ကျေးရွာ- ရွှေအိုင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၂.၂၀၁၇ | ၂၆.၂.၂၀၁၇ | ၅၉ | ၈၄ | ၁၄၃ | ကချင်-၁ \| အခြား-၁၄၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၂.၂၀၁၇ | ၂၇.၂.၂၀၁၇ | ၄၆ | ၆၀ | ၁၀၆ | ကချင်-၁ \| အခြား-၁၀၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၇.၂.၂၀၁၇ | ၂၇.၂.၂၀၁၇ | ၄၆ | ၆၀ | ၁၀၆ | ကချင်-၁ \| အခြား-၁၀၅ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၇.၃.၂၀၁၇ | ၃.၃.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၈.၃.၂၀၁၇ | ၂၈.၃.၂၀၁၇ | ၃၀ | ၅၀ | ၈၀ | ကချင်-၁ \| အခြား-၇၉ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၈.၄.၂၀၁၇ | ၂၈.၄.၂၀၁၇ | ၈ | ၇ | ၁၅ | ၅ အခြား-၁၅ |

၂၈

CDD

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၈.၄.၂၀၁၇ | ၂၈.၄.၂၀၁၇ | ၈ | ၇ | ၁၅ | [illegible] | အခြား-၁၅ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၈.၄.၂၀၁၇ | ၂၈.၄.၂၀၁၇ | ၈ | ၇ | ၁၅ | | အခြား-၁၅ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၀.၅.၂၀၁၇ | ၂၀.၅.၂၀၁၇ | ၈ | ၇ | ၁၅ | | အခြား-၁၅ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၃၀.၅.၂၀၁၇ | ၃၀.၅.၂၀၁၇ | ၈ | ၇ | ၁၅ | | အခြား-၁၅ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၃၀.၆.၂၀၁၇ | ၃၀.၆.၂၀၁၇ | ၈ | ၇ | ၁၅ | | အခြား-၁၅ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၁၁.၇.၂၀၁၇ | ၁၁.၇.၂၀၁၇ | ၈ | ၇ | ၁၅ | | အခြား-၁၅ |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးခင်မောင်ထက်၊ ဒေါ်အေးနန္ဒာကြွယ် | | | |
| နေ့စွဲ ၂၇.၂.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - မိုးကောင်း | ကျေးရွာအုပ်စု | ကျေးရွာ ရွှေအင်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း [illegible] | ၁ | မိုးတွင်းတွင် သွားလာရေး ခက်ခဲ။ |
| ၂ | ကျောင်းဆရာ၊ဆရာမ မလုံလောက် | ၂ | ကလေးသူငယ်များ ဖွံ့ဖြိုးမှုအားနည်း |
| ၃ | ကလေးများအတွက် မူကြိုကျောင်း | ၃ | မိုးတွင်း တွင် တံတားများ သွားလာရခက်ခဲ |
| ၄ | ပညာရေး အခက်အခဲ | ၄ | [illegible] အချိန်မှီ မရောက်နိုင် |
| ၅ | ရွာတွင်း တံတား | ၅ | စာသင်ကျောင်း [illegible] |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သွားလာရေး အဆင်ပြေစေရန်။ | ၁ | သွားရေး၊လာရေး လွယ်ကူစေရန်။ |
| ၂ | ကျောင်းသား/သူများ ပညာရေး ထူးချွန်ထက်မြက်ရန် | ၂ | ကလေးငယ်များ အသိပညာ တိုးပွားလာစေရန်။ |
| ၃ | ကလေးသူငယ်များ ကျောင်းနေပျော်စေရန်။ | ၃ | သွားရေး၊လာရေး လွယ်ကူစေရန်။ |
| ၄ | ကျောင်းသား/သူများ ပညာရေး အဆင်ပြေ | ၄ | ကျန်းမာရေး ကောင်းမွန်စေရန်။ |
| ၅ | သွားလာရေး အဆင်ပြေ | ၅ | ကျောင်းသား/သူများ ဖွံ့ဖြိုးမှုရှိစေရန်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဂျာတွင်း ဘုံကျောက်ဆည်လမ်း | ကျား + မ | ၁၉၅၀၀,၀၀၀ ကျပ် | ၈၅၃ ဦး |
| ၂ | ဂျာတွင်း ကွန်ကရစ်ရေမြောင်းတံတား | ကျား + မ | ၁,၃၀၀,၀၀၀ ကျပ် | ၈၅၃ ဦး |
| ၃ | မူကြိုကျောင်းဆောင် | ကျား + မ | | |
| ၄ | အလယ်တန်းကျောင်းဆောင် | ကျား | | |
| ၅ | ကျောင်းသား/မ များ [illegible] | ကျား + မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျေးလက်ဒေသ [illegible] | ကျား + မ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးဝင်း[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ---၂၇.၂.၂၀၁၇---

၃၀

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦးစစ်ဝင်း ထက် ဒေါ် အေးနွဲ့ရှင် | | |
| နေ့စွဲ -၂၄.၃.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- ၆ ရွှေအဝင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ရွှေအဝင်း | ရွာတွင်းသဲ ကျောက်လမ်း | ၂၅၄၄' × ၁၅' × ၆'' | ၉၅၃၃ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၉၈၀၀၀၀၀/ | | | | ၁၉၈၀၀၀၀၀/ |
| | ရွာတွင်းကျောက်စီ တံတား | ၃' φ ၂၅' | ၉၅၃၃ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၃၀၀၀၀၀/ | | | | ၁၃၀၀၀၀၀/ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | \| \| \| \| | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးသန်းခိုင် ၂၄.၃.၂၀၁၇

ဒေါ်ခင်လှ

၃၃

# အစည်းအဝေးမှတ်တမ်း

အစည်းအဝေးအမှတ်စဉ် - ၁ / ၂၀၁၇

အစည်းအဝေးကျင်းပသည့်ရက် - ၂၆ . ၂ . ၂၀၁၇

အစည်းအဝေးကျင်းပသည့်နေရာ - ကျေးရွာအုပ်ချုပ်ရေးမှူးရုံး

အစည်းအဝေးကျင်းပသည့်အချိန် - ၁၀:၀၀ မှ ၄:၀၀ ထိ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၅၃ / မ ၈၄

စုစုပေါင်း ၁၃၇ (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ လူထုမှ ပိုမို၍ စီမံကိန်းနှင့် ပတ်သက်၍ စီမံကိန်းအား မိတ်ဆက်ခြင်း၊ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းနှင့် လူထုပူးပေါင်း ပါဝင်သော လူမှုဆန်းစစ်ခြင်း။

ဆွေးနွေးချက် ။ ။ အစည်းအဝေး ပထမပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကား ပြောကြား၍ အစည်းအဝေးအား စတင်လိုက်ပါသည်။ ဆက်လက်၍ ရှေ့အင်းကျေးရွာ တာဝန်ကျ လူထုစည်းရုံးရေးမှူး ဦးဝင်းမြင့်ထက်မှ စီမံကိန်းနှင့် ပတ်သက်၍ ပြောကြားရာတွင် လူထုမှ ပိုမို၍ စီမံကိန်းဆိုတာ ဘာလဲ၊ စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းအား မည်သို့ အကောင်အထည်ဖော်မည် အစရှိသဖြင့် ရှင်းလင်းပြောကြား၍ စီမံကိန်း၊ မိတ်ဆက် (၁၅) ချက်၊ စီမံကိန်းစက်ဝန်း၊ အဓိက တာဝန်ရှိသူများ အဖွဲ့ကဏ္ဍ၊ ၎င်းတို့၏ တာဝန်နှင့် ဝတ်တရားများ၊ စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်းကို လူထုအားလုံးနှင့် အတူပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် မွန်းလွဲ (၁၂:၃၀) နာရီ အချိန်တွင် အစည်းအဝေး ပထမပိုင်းကို ရပ်သိမ်းလိုက်ပါသည်။

အစည်းအဝေး ဒုတိယပိုင်းကို (၁:၃၀) နာရီတွင် စတင်ပြုလုပ်၍ စီမံကိန်း၏ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း အပိုင်း (၆) ပိုင်းကို (၃) ဖွဲ့ ခွဲ၍ ရွာသူ၊ ရွာသားများနှင့်အတူ ပြုလုပ်ကြပါသည်။ ထို့နောက် ၎င်း အပိုင်း (၆) ပိုင်းအား ရွာသူ၊ ရွာသားထဲမှ (၆) ယောက်အား မိတ်ခေါ်၍ ရွာသူ၊ ရွာသားများအား ပြန်လည်ပြီး ရှင်းလင်းပြောပြစေပါသည်။ ဆက်လက်၍ အားလုံးကို ပြန်လည်တင်ပြခြင်း ရွာသူရွာသားအား နားလည်အောင် ထပ်မံ ရှင်းလင်းပြောကြား၍ အစည်းအဝေးအား ညနေ (၄:၀၀) နာရီတွင် ရပ်သိမ်းလိုက်ပါသည်။

ဆုံးဖြတ်ချက်။ ။ အစည်းအဝေး ဆုံးဖြတ်ချက်တွင် စီမံကိန်း မိတ်ဆက်၊ စီမံကိန်း
စက်ဝန်း၊ အစီအစဉ်တွင်ပါဝင်သူများနှင့် ၎င်းတို့၏အခန်းကဏ္ဍ တို့အား ကျေးရွာသူ၊ ရွာသားများအား
နားလည်အောင် ရှင်းပြ၍ ဆောင်ရွက်ထားခြင်း အားလုံး အတည်ပြုပြီး ဆုံးဖြတ်ရွေးချယ်
ကြပါသည်။ ထို့နောက် လူမှုဆက်ဆံရေးပုံစံများပြုလုပ်ရာတွင် နားလည်ကြောင်း၊ လူမှုအခြေခံ
များဖြစ်သော လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံကို ပြုလုပ်ရာတွင်လည်း ကျေးရွာလူထုကိုယ်တိုင်ပါဝင်
၍ ရေးဆွဲခဲ့ကြောင်း၊ ဥက္ကဋ္ဌအကြွယ်ဝမှု အဆင့်သတ်မှတ်ချက်တွင်လည်း မိမိတို့၏ ပိုင်ဆိုင်မှုများ
နှင့် ပတ်သက်၍ ဖော်ထုတ်ခဲ့ကြောင်း၊ ပိုင်ဆိုင်မှု သုံးသပ်ရာတွင်လည်း အမျိုးသားနှင့် အမျိုး
သမီး များအား အရင်းအမြစ် ထိန်းချုပ်မှု၊ အရင်းအမြစ် သုံးစွဲမှုများတွင် အမျိုးသားများကသာ
အားသာကြောင်း၊ ပင့်ကူအိမ် သုံးသပ်ရာတွင်လည်း အမျိုးသားများနှင့် အမျိုးသမီးတို့၏
ကွာခြားချက်များကို တွေ့ရကြောင်း၊ ရာသီခွင်ပြ ပြက္ခဒိန် ရေးဆွဲရာတွင်လည်း မိမိတို့၏ တစ်
နှစ်ပတ်လုံး အလုပ်အကိုင်နှင့် တစ်ရက်ပျမ်းမျှဝင်ငွေများနှင့် ဝင်ငွေ၊ ထွက်ငွေ နှိုင်းယှဉ်မှုများ
အားလုံးကို သိမြင်လာကြောင်း၊ ဗင်ပုံစံပြုလုပ်ရာတွင်လည်း မိမိတို့၏ ရွာတွင်း နှင့်ရွာပြင်ပ
တွင်ရှိသော အဖွဲ့အစည်းများ၏ ပူးပေါင်းမှုနှင့် ချိတ်ဆက်မှုများအား ပို၍ သိမြင်လာကြောင်း၊
အရှိသဖြင့် အဆင့် (၆) ဆင့်အားလုံးကို ပူးပေါင်းပါဝင်၍ ရွာသူ၊ ရွာသားများနှင့်အတူ ဆောင်
ရွက်ကြပါသည်။ ဆောင်ရွက်ထားမည့် ရွေးချယ်ရာတွင်လည်း မဲအရေအတွက်အလိုက် မဲအများဆုံးရ
သော ဘုံကိစ္စအဖြစ် ရွေးချယ်ခဲ့ကြောင်း၊ ဆောင်ရွက်ထားမည့်အဖြစ် ဦးစိုးပြည့်ထွန်းနှင့် ဒေါ်ခင်ခင်
ဝင်းသြင် တို့နှစ်ယောက်ကို အများသဘောတူညီ အညီ ရွေးချယ်ခဲ့ပါသည်။ ဆက်လက်၍ မြင်လည်
တင်ပြခြင်း အစီအစဉ်များကိုလည်း ကျေးရွာလူထုထံမှ မြင်လည်တင်ပြစေပါသည်။
ထို့နောက် အစည်းအဝေးတွင် တက်ရောက်လာသော အမျိုးသား (၅၉) ဦးနှင့် အမျိုးသမီး
(၈၄) ဦး စုစုပေါင်း (၁၄၃) တက်ရောက်ကြပါသည်။ အစည်းအဝေးကိုလည်း (ညနေ
(၄) နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် -

အမည် - ဦးဇင်မင်းထက် (CF)



၃၃

# အစည်းအဝေးမှတ်တမ်း

CDD

အစည်းအဝေးအမှတ်စဉ် - ၂ / ၂၀၁၇

အစည်းအဝေးကျင်းပသည့်ရက် - ၂၇.၂.၂၀၁၇

အစည်းအဝေးကျင်းပသည့်နေရာ - ကျေးရွာအုပ်ချုပ်ရေးမှူးရုံး

အစည်းအဝေးကျင်းပသည့်အချိန် - ၁၀:၀၀ မှ ၄:၀၀ ထိ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၄၆ / မ ၆၀

စုစုပေါင်း ၁၀၆ (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ ရွာအင်းကျေးရွာ၏ အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများ ဖော်ထုတ်ခြင်းနှင့် ယင်းစီမံကိန်း လုပ်ငန်းခွဲများအတွက် လိုအပ်သော ကော်မတီဝင်အသီးသီးများ ရွေးချယ်ဖွဲ့စည်းခြင်း ဖြစ်ပါသည်။

ဆွေးနွေးချက် ။ ။ အစည်းအဝေး ပထမပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးအား အမှာစကား ပြောကြား၍ အစည်းအဝေးအား စတင်ဖွင့်လှစ်ပါသည်။ ယင်းနောက် အမျိုးသားများနှင့် အမျိုးသမီးများအား သီးခြားစီ ခွဲ၍ ၎င်းတို့၏ အဓိကအခက်အခဲဖြစ်သော ပြဿနာများ၊ မျှော်မှန်းချက်များ နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား စတင်ဖော်ထုတ်ပါသည်။ ထို့နောက် အမျိုးသားများ၏ နှင့် အမျိုးသမီးများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဖော်ထုတ်ပြီး တူညီသောအချက်များနှင့် မတူညီသောအချက်များအား ခွဲခြားရေးသားပါသည်။ ဆက်လက်၍ ယင်းဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဦးစားပေးလုပ်ငန်းများကို ရွာသားများအား မဲပေးရွေးချယ်စေပါသည်။ ထို့နောက် ရွာသူရွာသားများအား လိုအပ်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ယင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် အရေးကြီးသော အကောင်အထည် ခုနစ်မျိုးအကြောင်းကိုလည်း ဆွေးနွေး၍ လုပ်ငန်းများ၊ အကျုံးဝင်လုပ်ငန်းနှင့် အကျုံးမဝင်လုပ်ငန်းများအား နားလည်အောင် ရှင်းပြပါသည်။ ရွာသူရွာသားများ ရွေးချယ်ထားသော ဖွံ့ဖြိုးလုပ်ငန်းခွဲများ ထဲမှ ဦးစားပေးလုပ်ငန်းများအား ဖော်ထုတ်ပါသည်။ ယင်းသို့ ဖော်ထုတ်ပြီးနောက် စီမံကိန်းလုပ်ငန်းခွဲများအတွက် လိုအပ်သော ကော်မတီဝင်များအား ရွာသူရွာသားများ၏ ဆန္ဒအညီဖြင့် လျှို့ဝှက်မဲများဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ကော်မတီဝင်များအတွက် လိုအပ်သော တာဝန်ဝတ္တရားများ ရှင်းလင်းပေးပါသည်။



၇၄

CDD

ဆုံးဖြတ်ချက်။ ။ ကျေးရွာ၏ ဒုတိယအကြိမ်အစည်းအဝေး၌ ဆုံးဖြတ်ချက်ချရာတွင် ရှေ့အင်းကျေးရွာ၏ ပထမနှစ် စီမံကိန်းများအတွက် အကျုံးဝင်သော လုပ်ငန်းခွဲများကို ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါသည်။ ၁။ ကျောက်ချောလမ်း၊ ၂။ ကွန်ကရစ်တံတား၊ ၃။ မြောင်းကြောင်း၊ ၄။ အာယာကျောင်း နှင့် စသော စီမံကိန်းလုပ်ငန်းခွဲများအား ဖော်ထုတ်နိုင်ခဲ့ပါသည်။

ရှေ့အင်းကျေးရွာ၏ စီမံကိန်းတွင် လိုအပ်သော စီမံခန့်ခွဲမှုနှင့် ထောက်ပံ့မှု၊ ထိန်းသိမ်းမှုအတွက် ကော်မတီဝင်အသီးသီးတို့ကိုလည်း အောက်ပါအတိုင်း ရွေးချယ်ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါသည်။ ကော်မတီဝင်များမှာ - ကျေးရွာ ဖွံ့ဖြိုးတက်မှုအတွက် အမှန်တကယ်လိုလား ကျေးရွာကလည်း အမှန်တကယ်ထောက်ခံသောသူများ ဖြစ်ရပါသည်။ ကျေးရွာ၏ စီမံကိန်း ဥက္ကဋ္ဌနေရာအတွက် ရွာသူရွာသားများက အမြင့်ဆုံးမဲမှုရရှိသော အမျိုးသား (၃) ယောက်၊ အမျိုးသမီး (၃) ဦး အဆိုပြုပေး၍ ဥက္ကဋ္ဌနေရာအတွက် မဲအများဆုံးရရှိသော ဦးဝင်းနိုင်နှင့် ဒေါ်မြယဉ်တို့က ဥက္ကဋ္ဌနေရာအား ရရှိ၍ ဘဏ္ဍာရေးအတွက် လိုအပ်သော ဥက္ကဋ္ဌ၊ စာရင်းကိုင်နှင့် အဖွဲ့ဝင်တို့အား ဆက်လက်၍ အဆိုပြုပေးရာ အမျိုးသား၊ အမျိုးသမီး (၆) ယောက်အား မဲပေးရွေးချယ်စေရာ ဥက္ကဋ္ဌနေရာတွင် ဒေါ်ကြည်ကြည်ဝင်း၊ စာရင်းကိုင်တွင် ဦးအောင်ကိုကိုဦး နှင့် အဖွဲ့ဝင်နေရာတွင် ဦးမျိုးဇော်ထွန်းတို့ (၃) ယောက်တို့က မဲအများဆုံးရရှိ၍ ရွေးချယ်ခံရပါသည်။ ဆက်လက်၍ ကျန်သော ကော်မတီအဖွဲ့ဝင်များအား နည်းလမ်းအတိုင်း ဆက်လက်ရွေးချယ်ခဲ့ပါသည်။ ထို့ကြောင့် ကျန်သော ကော်မတီဝင်နေရာများကိုလည်း ရွာသူရွာသားများကိုက တက်တက်ကြွကြွပါဝင် အဆိုပြုကာ မဲအများဆုံးရသော သူများအား ကော်မတီဝင်အဖြစ် ရွေးချယ်ဆုံးဖြတ်ချက် ချနိုင်ခဲ့ပါသည်။ အစည်းအဝေးအား ညနေ (၄) နာရီတွင် ပြီးဆုံး၍ ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - (signature)

အမည် - ဦးဝင်းမင်းထက်



29

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရွာတွင်းသံကျောက်လမ်း ခင်းခြင်း | ☑ မ ☑ များ | ကျေးရွာ | လူထုမပါဝင်ပြုစီမံကိန်း |
| | ၂ | ရွာတွင်း ကွန်ကရစ် ရေမြောင်းတံတား | ☑ မ ☑ များ | ကျေးရွာ | လူထုမပါဝင်ပြုစီမံကိန်း |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ များ | | |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျေးလက်ဆေးပေးခန်း နှင့် သားဖွားဆရာမ ရရှိရေး | ☑ မ ☑ များ | ကျေးရွာ | ကျန်းမာရေး |
| | ၂ | | ☐ မ ☐ များ | | |
| | ၃ | | ☐ မ ☐ များ | | |
| | ၄ | | ☐ မ ☐ များ | | |
| | ၅ | | ☐ မ ☐ များ | | |
| ပညာရေး | ၁ | မူကြိုကျောင်းဆောင် | ☑ မ ☑ များ | ကျေးရွာ | လူထုမပါဝင်ပြုစီမံကိန်း |
| | ၂ | အလယ်တန်းကျောင်းဆောင် | ☐ မ ☑ များ | ကျေးရွာ | လူထုမပါဝင်ပြုစီမံကိန်း |
| | ၃ | ကျောင်းဆရာ/မ များလုံလောက်စွာရရှိရေး | ☑ မ ☑ များ | ကျေးရွာ | ပညာရေး |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |
| အခြား | ၁ | | ☐မ<br>☐ကျား | | |
| | ၂ | | ☐မ<br>☐ကျား | | |
| | ၃ | | ☐မ<br>☐ကျား | | |
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |